


# အိုက်အိုဝါစာမေးပွဲကြီး၊ မိဘများအတွက် သတင်းအချက်အလက်

ချစ်လှစွာသော မိဘ/အုပ်ထိန်းသူများ၊
ဧပြီ ၂ နှင့် ဧပြီ ၁၃ အတွင်း သင်တို့၏ကျောင်းသားများသည် အိုက်အိုဝါစာမေးပွဲကြီးများကို ဖြေဆိုရပါမည်®။ သင့်ကျောင်းသား၏ပညာရေးတတ်မြောက်မှုကို အိုက်အိုဝါစာမေးပွဲကြီးဖြင့် စစ်ဆေးတိုင်းတာခြင်းက သင့်ကျောင်းသား၏အောင်မြင်မှုအတွက် အကူအညီဖြစ်စေမည့် သတင်းအချက်အလက်များကို ဖော်ပြပေးသည်။ စာဖတ်၊ သချာ်၊ သိပ္ပံဘာသာရပ်များတွင်ပါဝင်သော အကြောင်းအရာများကို သင့်ကျောင်းသားများသိရှိခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်အသေးစိတ်ကို အိုက်အိုဝါစာမေးပွဲကြီးများက ဖော်ပြပေးနိုင်ပေသည်။

အိုက်အိုဝါစာမေးပွဲကြီးများက ကျောင်းသား၏တိုးတက်မှုများကို တစ်နှစ်ပြီးတစ်နှစ် စစ်ဆေးတိုင်းတာပါသည်။ ထို့အပြင် ကျောင်း၊ ခရိုင်နှင့် တစ်နိုင်ငံလုံးနှင့် ဆက်နွယ်၍ သင့်ကျောင်းသား၏ပညာရေးဆိုင်ရာ လုပ်ဆောင်နိုင်မှုစွမ်းရည်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း ဤစာမေးပွဲများက ဖော်ပြပေးသည်။

အိုက်အိုဝါစာမေးပွဲကြီးများမှရရှိသည့် သတင်းအချက်အလက်များသည် ကျောင်းသားတစ်ဦး၏အားသာချက်နှင့် အလေးထားကာ ထပ်ဆင့်ကူညီပေးရမည့် အချက်အလက်များကို ဆရာ၊ ဆရာမများအား သိရှိအောင်လည်း ကူညီပေးသည်။ စာမေးပွဲကြီးမှ အချက်အလက်များက ဆရာ၊ ဆရာမများကို ဆုံးဖြတ်ချက်ကောင်းများချစေနိုင်ပြီး သူတို့၏သွန်သင်မှုများကို ပြန်လေ့လာ၍ တိုးတက်အောင်ပြုပြင်စေနိုင်သည်။

ဤစာမေးပွဲကြီးမှ ရမှတ်များသည် ပညာရေးလမ်းကြောင်းတွင် နောက်ထပ်ခြေလှမ်းများလျှောက်လှမ်းနိုင်ရန်အတွက် သင့်ကျောင်းသားကို ကူညီပြင်ဆင်ပေးသည်။

အိုက်အိုဝါစာမေးပွဲကြီးများနှင့်ပတ်သက်၍ မေးစရာများရှိပါက သင့်ကျောင်းအုပ်ကြီးကို ကျေးဇူးပြု၍ ဆက်သွယ်ပါ။

**အိုက်အိုဝါစာမေးပွဲကြီးများ၏ အကျိုးကျေးဇူးများ**

- စာဖတ်၊ သချာ်နှင့် သိပ္ပံဘာသာရပ်တို့တွင်ပါဝင်သော အကြောင်းအရာများကို နိုင်နင်းကြောင်း စစ်ဆေးခြင်း
- ပုံမှန်တိုင်းတာသည့်စံချိန်ဖြင့် တစ်နှစ်ပြီးတစ်နှစ် တိုးတက်မှုကို စစ်ဆေးတိုင်းတာခြင်း
- ခရိုင်နှင့် တစ်နိုင်ငံလုံးတွင်ရှိသော အခြားကျောင်းသားများနှင့်ယှဉ်၍ လုပ်ဆောင်နိုင်မှုစွမ်းရည်ကို စစ်ဆေးတိုင်းတာခြင်း
- အားသာချက်၊ အားနည်းချက်

DesMoines
PUBLIC SCHOOLS
Think. Learn. Grow.